ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၇၄/၂၀၂၄

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

## ပြည်ပမှ တင်သွင်းသည့် ကုန်ပစ္စည်း၏ ပထမအကြိမ်စမ်းသပ်စစ်ဆေးမှုရလဒ်အပေါ် ဒုတိယအကြိမ် စမ်းသပ်စစ်ဆေးခွင့်ပြုသည့်အမိန့်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ဤအမိန့်တွင် ပါရှိသော စကားရပ်များသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေကွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ယင်းပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက်** ဆိုသည်မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအကြားကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့မှုရှိစေရေး ချုပ်ဆိုထားသည့် သဘောတူညီချက် (The WTO Agreement on Trade Facilitation) ကိုဆိုသည်။

(ခ) **ကုန်ပစ္စည်း** ဆိုသည်မှာ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်၏ အပိုဒ် ၅.၁ အရ လူ၊ တိရစ္ဆာန်နှင့်အပင်တို့၏ အသက်ရှင်နေထိုင်ရေးနှင့် ကျန်းမာရေးကို ကာကွယ်ရန်အလို့ငှာ ပြည်ပမှ တင်သွင်းသည့် အစားအသောက်များ (Foods)၊ အဖျော်ယမကာများ (Beverages)၊ စားသောက်ကုန်ထုတ်လုပ်ရန် တင်သွင်းသော ကုန်ကြမ်းပစ္စည်းများ၊ တိရစ္ဆာန်အစာများ (Animal Feed) နှင့် တိရစ္ဆာန်အစာ ထုတ်လုပ်ရန် တင်သွင်းလာသော ကုန်ကြမ်းပစ္စည်းများကိုဆိုသည်။

(ဂ) **အခွင့်ရအာဏာပိုင်** ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ယူထားသည့် နမူနာပစ္စည်းများ စမ်းသပ်စစ်ဆေးခြင်းကို ဆောင်ရွက်ရန် ကုန်ပစ္စည်းအလိုက် အခွင့်အာဏာ အပ်နှင်းခြင်းခံရသည့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကိုဆိုသည်။

(ဃ) **တတိယအဖွဲ့အစည်း** (Third Party) ဆိုသည်မှာ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက အသိအမှတ်ပြုထားသည့်ဓာတ်ခွဲစစ်ဆေးရေးအဖွဲ့အစည်းကိုဆိုသည်။

(င) **ဒုတိယအကြိမ် စမ်းသပ်စစ်ဆေးမည့်ဓာတ်ခွဲခန်း** ဆိုသည်မှာ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့မှ သတ်မှတ်သည့် အသိအမှတ်ပြုထားသည့် အယူခံဓာတ်ခွဲခန်းနှင့် သက်ဆိုင်ရာ စမ်းသပ်စစ်ဆေးမှု အမျိုးအစားအလိုက် သက်ဆိုင်ရာဥပဒေအရ အသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းကိုဆိုသည်။

(စ) **နမူနာပစ္စည်း** ဆိုသည်မှာ သွင်းကုန်ကြေညာလွှာ တင်သွင်းချိန်တွင် ပြည်ပမှ တင်သွင်းသည့်ကုန်ပစ္စည်းကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် အကောက်ခွန်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် နမူနာအဖြစ်ထုတ်ယူထားသော ပစ္စည်းများကိုဆိုသည်။

(ဆ) **ပထမအကြိမ်စမ်းသပ်စစ်ဆေးမှုရလဒ်** ဆိုသည်မှာ သွင်းကုန်ကြေညာလွှာတင်သွင်းချိန်တွင် ကုန်ပစ္စည်းအားတင်သွင်းသူ သို့မဟုတ် ၎င်း၏အခွင့်ရကိုယ်စားလှယ် သို့မဟုတ် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူမှ ပေးပို့သည့် နမူနာပစ္စည်းအပေါ် စမ်းသပ်စစ်ဆေးမှုများဆောင်ရွက်ရာတွင် ရရှိသည့် မူလစမ်းသပ်စစ်ဆေးမှုရလဒ်ကို ဆိုသည်။

(ဇ) **ဒုတိယအကြိမ်စမ်းသပ်စစ်ဆေးခွင့်** ဆိုသည်မှာ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်၏ အပိုဒ် ၅.၃.၁ အရ ကုန်ပစ္စည်းနမူနာ၏ ပထမအကြိမ် စမ်းသပ်စစ်ဆေးမှုရလဒ်သည် သွင်းကုန်ကြေညာလွှာတင်သွင်းရာတွင်တင်ပြသည့် ကုန်ပစ္စည်း၏ အရည်အသွေးနှင့်ဆက်စပ်သည့် ကုန်သွယ်မှုစာရွက်စာတမ်းပါ သတ်မှတ်ချက်များအရလည်းကောင်း၊ အခွင့်ရအာဏာပိုင်က ကုန်စည်အလိုက် သတ်မှတ်ထုတ်ပြန်ထားသည့် စံသတ်မှတ်ချက်များအရလည်းကောင်း ကိုက်ညီခြင်းမရှိပါက ပြန်လည်စစ်ဆေးပေးရန် လျှောက်ထားသည့်အခါ စစ်ဆေးခွင့်ပြုခြင်းကိုဆိုသည်။

၂။ ဒုတိယအကြိမ်စမ်းသပ်စစ်ဆေးခွင့်လျှောက်ထားခြင်းနှင့်ခွင့်ပြုခြင်းတို့ကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် ၎င်း၏အခွင့်ရကိုယ်စားလှယ် သို့မဟုတ် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် ပထမအကြိမ် စမ်းသပ်စစ်ဆေးမှုရလဒ်နှင့် သွင်းကုန်ကြေညာလွှာတွင် တင်သွင်းထားသည့် ကုန်ပစ္စည်း၏ အရည်အသွေးတို့ ကိုက်ညီမှုမရှိပါက ပထမအကြိမ် စမ်းသပ်စစ်ဆေးမှုရလဒ်အား လက်ခံရရှိချိန်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ယင်းကုန်ပစ္စည်းကို ဒုတိယအကြိမ် စမ်းသပ်စစ်ဆေးခွင့်ပြုရန် ဒုတိယအကြိမ် စမ်းသပ်စစ်ဆေးမည့် ဓာတ်ခွဲခန်းအမည်၊ ပထမအကြိမ် စမ်းသပ်စစ်ဆေးခဲ့သည့်ရလဒ်စသည့် ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် အကောက်ခွန်ဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ ရက်ပေါင်း ၃၀ ကျော်လွန်ပြီးမှ လျှောက်ထားပါက ဒုတိယအကြိမ် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခွင့်ပြုမည်မဟုတ်ဘဲ မူလစစ်ဆေးချက်ရလဒ်ကိုသာ အတည်ပြုမည်။

(ခ) အကောက်ခွန်ဦးစီးဌာနသည် တင်ပြလျှောက်ထားလာသည့် စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်မှုရှိပါက ဒုတိယအကြိမ်စမ်းသပ်စစ်ဆေးခွင့် လျှောက်ထားခြင်းအား ခွင့်ပြုနိုင်သည်။

၃။ အခွင့်ရအာဏာပိုင် သို့မဟုတ် တတိယအဖွဲ့အစည်းသည် ဒုတိယအကြိမ်စမ်းသပ်စစ်ဆေးမှု ပြုရာတွင် အကောက်ခွန်ဦးစီးဌာန၏ခွင့်ပြုချက်၊ ကုန်ပစ္စည်း၏ ဘေးအန္တရာယ်ရှိနိုင်မှုအခြေအနေနှင့် ကုန်ပစ္စည်း၏သက်တမ်းသတ်မှတ်ချက်တို့အပေါ်မူတည်၍လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ ဒုတိယအကြိမ်စမ်းသပ်စစ်ဆေးနိုင်ရန်နမူနာပစ္စည်းထုတ်ယူပေးပို့ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် ၎င်း၏အခွင့်ရကိုယ်စားလှယ် သို့မဟုတ် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည်နမူနာပစ္စည်းထုတ်ယူရာတွင် အကောက်ခွန်ကြီးကြပ်မှုအောက်တွင်ရှိသောနမူနာထုတ်ပေးထားသည့်ကုန်ပစ္စည်း၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို အကောက်ခွန် အရာရှိ၏ ရှေ့မှောက်၌ ထုတ်ယူခြင်း၊

(ခ) အကောက်ခွန်အရာရှိသည် ထုတ်ယူထားသော နမူနာပစ္စည်းအပေါ်တွင် သတ်မှတ်ထားသည့် အကောက်ခွန်အမှတ်တံဆိပ်ကို ကပ်နှိပ်ခြင်း၊

(ဂ) ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် ၎င်း၏အခွင့်ရကိုယ်စားလှယ် သို့မဟုတ် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် ဒုတိယအကြိမ် စမ်းသပ်စစ်ဆေးရန် ခွင့်ပြုထားသည့်ဓာတ်ခွဲခန်းသို့ နမူနာပစ္စည်းကို ပေးပို့ခြင်း။

၅။ သက်ဆိုင်သည့် အစိုးရဌာနအဖွဲ့အစည်း၊ တတိယအဖွဲ့အစည်း၊ ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် ၎င်း၏အခွင့်ရကိုယ်စားလှယ် သို့မဟုတ် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူတို့သည် ဒုတိယအကြိမ် စမ်းသပ်စစ်ဆေးခွင့်ပြုရန် လျှောက်ထားလာသော ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ယင်းကုန်ပစ္စည်း၏အချက်အလက်များကို ပေါက်ကြားမှုမရှိစေရေး ထိန်းသိမ်းရမည်။

၆။ အခွင့်ရအာဏာပိုင် သို့မဟုတ် တတိယအဖွဲ့အစည်းသည် ဒုတိယအကြိမ်စမ်းသပ်စစ်ဆေးမှု အပြီးသတ်ဆုံးဖြတ်ချက်ရလဒ်အား အကောက်ခွန်ဦးစီးဌာနနှင့် ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် ၎င်း၏အခွင့်ရကိုယ်စားလှယ် သို့မဟုတ် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ တို့ထံ ဆောလျင်စွာ အကြောင်းကြားရမည်။

၇။ အကောက်ခွန်ဦးစီးဌာနသည် ဒုတိယအကြိမ် စမ်းသပ်စစ်ဆေးမှု အပြီးသတ်ဆုံးဖြတ်ချက် ရလဒ်ရရှိပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဒုတိယအကြိမ်စမ်းသပ်စစ်ဆေးမှု အပြီးသတ်ဆုံးဖြတ်ချက်ရလဒ်နှင့် သွင်းကုန်ကြေညာလွှာ တင်သွင်းစဉ်က တင်ပြထားသည့် ကုန်ပစ္စည်း၏ အရည်အသွေးဖော်ပြချက်တို့ ကိုက်ညီမှု ရှိပါက အကောက်ခွန်ဦးစီးဌာန၏ သွင်းကုန်ရှင်းလင်းရေး လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ခြင်း၊

(ခ) ကိုက်ညီမှုမရှိသောကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း။

၈။ နမူနာပစ္စည်းထုတ်ယူခြင်းနှင့် ဓာတ်ခွဲစစ်ဆေးရာတွင် ကုန်ကျစရိတ်အရပ်ရပ်ကို ကုန်ပစ္စည်း တင်သွင်းသူက ကျခံရမည်။

၉။ ဒုတိယအကြိမ် စမ်းသပ်စစ်ဆေးခွင့်ပြုခြင်းသည် အကောက်ခွန်ကြီးကြပ်မှုအောက်တွင် အကျုံးဝင်သော သွင်းကုန်ကြေညာလွှာတင်သွင်းထားသည့် ကုန်ပစ္စည်းနှင့်သာ သက်ဆိုင်စေရမည်။

၁၀။ ဤအမိန့်သည် ( ၉ - ၁ - ၂၀၂၅ ) နေ့တွင် စတင်အကျိုးသက်ရောက်စေရမည်။

(ပုံ)

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ ဘဏ္ဍာ - ၂ / ၁ / ၂၅၄ (၅၆၂၇ / ၂၀၂၄)
ရက် စွဲ ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး
ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ထည့်သွင်းကြေညာပေးပါရန်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် (ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

(ကျော်ထင်)
ညွှန်ကြားရေးမှူးချုပ်